UMG LGL Dept:

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250

## " 200KW COS Panel ဝယ်ယူခြင်းဆိုင်ရာ နှစ်ဖက်သဘောတူကတိစာချုပ် "

နေ့စွဲ ။ ။ ခုနှစ်၊ လ( )ရက်

----------------------------------မြို့နယ်၊

ရောင်းချသူ ။ ။ Superior Power Distribution
(ပထမတစ်ဖက်) Electrical & Electronics Engineering Company Limited. (ကိုယ်စား)
ဦးအောင်ဌေး(၁၂/ကမရ(နိုင်)၀၂၉၈၉၀)
အမှတ်(၁၀၉၈/၁၀၉၉)၊ ရွှေတောင်ကြားလမ်း၊ စက်မှုဇုန်(၂)၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း၊ ဖုန်း-၀၉-၇၃၀၇၄၀၀၃၊

နှင့်

ဝယ်ယူသူ ။ ။ Winning Way Co., Ltd. (ကိုယ်စား)
(ဒုတိယတစ်ဖက်) ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(အထက်အမည်ပါ ရောင်းချသူ(ပထမတစ်ဖက်) Superior Power Distribution, Electrical & Electronics Engineering Company Limited. နှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်) Winning Way Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ အထက်အမည်ပါရောင်းချသူသည် မိမိတရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး အရည်အသွေး၊ စံချိန်စံနှုန်းများနှင့် ကိုက်ညီသည့် ပူးတွဲ Quotation တွင်ဖော်ပြထားသည့် 200KW COS Panel ပစ္စည်းများကို စုစုပေါင်းငွေ USD-1,950 (USD One Thousand Nine Hundred and Fifty Only)နှင့်ညီမျှသော ကာလပေါက်ဈေးမြန်မာငွေကျပ်----------------------------------ဖြင့် လွှဲပြောင်းရောင်းချလိုကြောင်း ဝယ်ယူသူသို့ ပြောဆိုကမ်းလှမ်းရာ ဝယ်ယူသူမှလည်း အဆိုပါပစ္စည်းများကို အဆိုပါတန်ဖိုးငွေဖြင့် ဝယ်ယူရန် သဘောတူပါသည်။

၂။ ဝယ်ယူသူမှ ရောင်းချသူသို့ အဆိုပါ 200KW COS Panel ပစ္စည်းများ၏ အရောင်းတန်ဖိုးငွေ USD-1,950 (USD One Thousand Nine Hundred and Fifty Only)အနက် ပထမအကြိမ်အဖြစ် ၇၅% ဖြစ်သော USD-1,462.5 နှင့်ညီမျှသော ကာလပေါက်ဈေးမြန်မာငွေကျပ်----------------------------------ကို ယနေ့စာချုပ်ချုပ်ဆိုသည့် ( - -၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၅% ဖြစ်သော USD-487.5 နှင့်ညီမျှသော ကာလပေါက်ဈေးမြန်မာငွေကျပ်----------------------------------ကို ပစ္စည်းများအားလုံး ရောက်ရှိသည့်အချိန်တွင်လည်းကောင်း ဝယ်ယူသူမှပေးချေရန်နှင့် ရောင်းချသူမှလည်း ဝယ်ယူသူသို့ အရောင်းအဝယ်ပြုလုပ်သည့် 200KW COS Panel ပစ္စည်းများအားလုံးကို ဝယ်ယူသူသို့ လက်ရောက်ပေးအပ်ရန် နှစ်ဖက်သဘောတူညီကြပါသည်။

၃။ ရောင်းချသူသည် မိမိရောင်းချသည့် 200KW COS Panel ပစ္စည်းများအားလုံးသည် အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ပစ္စည်းများဖြစ်ကြောင်းနှင့် ဈေးနှုန်းမှန်ကန်ကြောင်း အာမခံပါသည်။ အကယ်၍ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်း၊ ဈေးနှုန်းကိုနှင့် ကွဲလွဲမှုများရှိလာပါက အဆိုပါကွဲလွဲမှုများအတွက် နစ်နာကြေးငွေများကို ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250
နှစ်ရာ့ငါးဆယ်ကျပ်



၄။ ရောင်းချသူသည် မိမိရောင်းချသည့် 200KW COS Panel 400A Change Over မပါ ပစ္စည်းများသည် (  -  -၂၀၂၄)ရက်နေ့မှ (၁)နှစ်တိတိ အာမခံပါသည်။ အဆိုပါအာမခံကာလ (၁)နှစ်အတွင်း 200KW COS Panel အဆိုပါပစ္စည်းများသည် (သုံးစွဲသူ၏ပေါ့ဆမှုကြောင့်နှင့် သဘာဝဘေးအန္တရာယ်မှအပ) ချို့ယွင်းပျက်စီးမှုများရှိလာပါက ချို့ယွင်းပျက်စီးမှုရှိသည့်နေ့မှ (၇)ရက်အတွင်း အဆိုပါပျက်စီးချို့ယွင်းမှုရှိသည့်ပစ္စည်းများနှင့် အမျိုးအစား၊ အရည်အသွေး တူညီသည့်ပစ္စည်းများဖြင့် ရောင်းချသူမှ ဝယ်ယူသူသို့ ပြန်လည်ပေးလျော်ပါမည်။

၅။ ရောင်းချသူသည် မိမိရောင်းချသည့် 200KW COS Panel ပစ္စည်းများနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိ၏ကုန်ကျစရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းပေးပါမည်။ အကယ်၍ မပြီးပြတ်ဘဲ ဝယ်ယူသူ၌ နစ်နာမှုများရှိလာပါက အဆိုပါနစ်နာမှုများအတွက် ရောင်းချသူမှ ဝယ်ယူသူသို့ ပေးလျော်ရမည်။

အထက်ပါစကားရပ်များကို ရောင်းချသူ(ပထမတစ်ဖက်)နှင့် ဝယ်ယူသူ(ဒုတိယတစ်ဖက်)တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည်သဘောပေါက်ကြပြီး မိမိတို့၏ လွတ်လပ်သောပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် ဤ "စာချုပ်"ကို အောက်ပါအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

| ရောင်းချသူ(ပထမတစ်ဖက်) | ဝယ်ယူသူ(ဒုတိယတစ်ဖက်) |
|---|---|
| Superior Power Distribution<br>Electrical & Electronics Engineering Company Limited.<br>(ကိုယ်စား)<br>ဦးအောင်ငွေး(၁၂/ကမရ(နိုင်)၀၂၉၈၉၀) | Winning Way Co., Ltd. (ကိုယ်စား)<br>ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) |

သိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | - ---------------------------------------- | လက်မှတ် | - [signature] |
| အမည် | - ---------------------------------------- | အမည် | - Kaung Myat Kyaw |
| မှတ်ပုံတင် | - ---------------------------------------- | မှတ်ပုံတင် | - 12/Kamayut Ka.Ma.Ya (N) 060684 |
| နေရပ် | - ---------------------------------------- | နေရပ် | - 28/4 U Htun Lin Chan St., |
| | - ---------------------------------------- | | - Kamayut, Yangon |